Myanmar Garment Manufacturers Association

# NEWSLETTER

AUGUST 2022, ISSUE





## SUSTAINABLE TERMS OF TRADE INITIATIVE (STTI) MEETING

စာ - ၄





## စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချ အလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၁ နှင့် ၂)



မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း(MGMA) မှကြီးမှူးကာပထမဆုံးအကြိမ်အဖြစ် စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၁ နှင့် ၂) ကိုဩဂုတ်လ (၁၁) ရက်နှင့် (၁၂) ရက် များတွင် မြန်မာအထည်ချုပ်လုပ်ငန်းလူ့စွမ်းအားအရင်း အမြစ်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။ အဆိုပါသင်တန်းကို MGMA ၏ စည်းမျဉ်းစည်းကမ်းများအရမဖြစ်မနေတက်ရောက်သင့်သည့်သင်တန်းဖြစ်ပြီး အသင်းဝင်အထည်ချုပ်စက်ရုံများတွင်အလုပ်သမားဥပဒေလေးစားလိုက်နာမှုခိုင်မာအားကောင်းစေရန်ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။

စာ - ၂

# မာတိကာ

## Activity


စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချ အလုပ်သမားဥပဒေသင်တန်း အမှတ်စဉ် (၁ နှင့် ၂) .................................. ၂
လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး .................................................................................... ၃
Sustainable Terms of Trade Initiative (STTI) Meeting ............................................................. ၄
လက်တွေ့အသုံးချ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှု အလုပ်ရုံဆွေးနွေးပွဲ အမှတ်စဉ် (၃) ............................. ၅-၆


## News


Kyarr Lay Apparel Co.,Ltd သို့ Covid Test Kit များပေးအပ် ........................................................................ ၇
အထည်ချုပ်လုပ်သားများအားကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း .................................................................... ၈-၉
Pilot Factory သို့အာဟာရအိတ်များထောက်ပံ့ပေးခြင်း ................................................................................. ၁၀
Voluntary Labour Compliance Assessment စစ်ဆေးခြင်း ........................................................................ ၁၁-၁၂


## Upcoming Activity

| *No.* | *Descriptions* | *Date & Time* | *Venue* |
|---|---|---|---|
| 1. | Nutrition pack supplies to pilot factory in Nay Pyi Taw ( supported by UNICEF-MGMA) | TBC | Nay Pyi Taw |
| 2. | Industrial Relation Management Workshop (Supported by LIFT Myanmar-MGMA) | 21-22 September | MGHRDC |
| 3. | Industrial Engineering Training | 29 August to 9 September | MGHRDC |
| 4. | Labour Law Awareness Training | 15 and 29 September | MGHRDC |

## Membership Update


New Members in August 2022 ...................................................................................................... ၁၃
Membership update as of August 2022 ........................................................................................ ၁၃

# စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချ အလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၁ နှင့် ၂)



Labour Officer of MGMA presenting Labour Law Awareness

> MGMA ၏ စည်းမျဥ်းစည်းကမ်းများအရ မဖြစ်မနေတက်ရောက်သင့်သည့်သင်တန်း ဖြစ်ပြီး အသင်းဝင်အထည်ချုပ်စက်ရုံများတွင် အလုပ်သမားဥပဒေလေးစား လိုက်နာမှုခိုင်မာအားကောင်းစေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း(MGMA)မှကြီးမှူးကာပထမဆုံးအကြိမ်အဖြစ် စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၁ နှင့် ၂) ကိုဩဂုတ်လ (၁၁) ရက်နှင့် (၁၂) ရက် များတွင် မြန်မာအထည်ချုပ်လုပ်ငန်းလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

အဆိုပါသင်တန်းကို MGMA ၏ စည်းမျဉ်းစည်းကမ်းများအရ မဖြစ်မနေတက်ရောက်သင့်သည့်သင်တန်း ဖြစ်ပြီး အသင်းဝင်အထည်ချုပ်စက်ရုံများတွင် အလုပ်သမားဥပဒေလေးစားလိုက်နာမှုခိုင်မာအားကောင်းစေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။ သင်တန်း တွင် MGMA ၏ Labour Officer ဦးမင်းစိုးဟန်မှ Induction & Employment, Working Hours & Overtime, Paying Wages, Workplace Relations, Settlement of Disputes & WCC and Labour Organization များကိုဆွေးနွေးမှုများ၊ အမေးအဖြေကဏ္ဍများဖြင့်သင်ကြားခဲ့သည်။ သင်တန်းသို့ အသင်းဝင်စက်ရုံ (၂၈) ရုံများမှ HR ဌာန နှင့် Production ဌာနမှ ဝန်ထမ်းဦးရေ (၅၀) တက်ရောက်ခဲ့ကြသည်။ MGMA အနေဖြင့်အထည်ချုပ်လုပ်ငန်းစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်၏တစ်စိတ်တစ်ပိုင်း အနေဖြင့်သင်တန်းကိုလစဉ်ပုံမှန်ပြုလုပ်သွားမည်ဖြစ်သည်။




Labour Officer of MGMA presenting Labour Law Awareness



Participants



# လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး




လစဉ်ပုံမှန်ပြုလုပ်လျက်ရှိသော MGMA အလုပ်အမှုဆောင်ပေါင်းစပ်အစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်က MGMA အစည်းအဝေးခန်း၌ပြုလုပ်ခဲ့သည်။ အစည်းအဝေးအား MGMA ၏မန်နေဂျင်းဒါရိုက်တာမှသဘာပတိအဖြစ် ဦးဆောင်စတင်ခဲ့ပြီးအလုပ်အမှုဆောင်များမှအသင်းဝင်အသစ်များမှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို Manual မှအွန်လိုင်းစနစ်သို့ပြောင်းလဲမည့်ကိစ္စရပ်များ၊အသင်းဝင်ကြေးပေးသွင်းရာတွင်အွန်လိုင်းစနစ်သို့အပြည့်အဝကူးပြောင်းပြီး စနစ်သစ်တွင် E-member card ကိုအသုံးပြုသွားမည့်ကိစ္စရပ်များ၊ ၂၀၂၂ ခုနှစ်အတွင်းဆက်လက်လုပ်ဆောင်မည့်စီမံကိန်းလုပ်ငန်းများဖြင့် တွဲဖက်လုပ်ဆောင်မည့်စီမံကိန်းလှုပ်ရှားမှုများနှင့် Event များ၊ MGMA ၏ရှေ့ဆက်လုပ်ဆောင်မည့်လုပ်ငန်းစဉ်များကိုဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးသို့ MGMA ၏ ဥက္ကဌ၊ ဒုက္ကဌများ၊ နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များတက်ရောက်ခဲ့ပြီး အခြားသောဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များမှ Zoom Application ဖြင့်တက်ရောက်ခဲ့ကြသည်။

# Sustainable Terms of Trade Initiative (STTI) Meeting




ကမ္ဘောဒီးယားနိုင်ငံ၌ကျင်းပပြုလုပ်သော Sustainable Terms of Trade Initiative (STTI) ပေါင်းစပ်အစည်းအဝေးသို့ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏အထွေထွေအတွင်းရေးမှူးဒေါ် ခိုင်ခိုင်နွယ် နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာမင်းဂေါင်ဦးတို့တက်ရောက်ခဲ့ကြသည်။ အဆိုပါအစည်းအဝေးအား GIZ မှကြီးမှူးကျင်းပခြင်းဖြစ်ပြီး ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်မှ ၁၇ ရက်ထိ ကမ္ဘောဒီးယားနိုင်ငံရှိ Sofitel Siem Reap ၌ပြုလုပ်ခဲ့သည်။ အစည်းအဝေးအား ဩဂုတ်လ ၁၅ ရက်တွင် STAR Meeting, ဩဂုတ်လ ၁၆ ရက်တွင် STTI Meeting နှင့် ဩဂုတ်လ ၁၇ ရက်တွင် “Asian Dialogues for Greener Production” International Conference အဖြစ် သုံးရက်ကြာပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် STTI အဖွဲ့ဝင်များမှ supplier solutions, dispute resolutions, cooperation with brands and MSIs, how to work together STTI and brands in future and sustainability textile legislation or the new license to operate in the EU အစရှိသည့်အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

STTI ဆိုသည်မှာ GIZ Fabric Project ၏လှုပ်ရှားမှုများထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး မြန်မာ၊ တူရကီ၊ အိန္ဒိယ၊ အီဂျစ်၊ မော်ရိုကို၊ အင်ဒိုနီးရှား၊ တရုတ်၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ် နှင့် ကမ္ဘောဒီးယား အစရှိသည့်နိုင်ငံများဖြင့် ဖွဲ့စည်းထားသည်။ STTI ၏ရည်ရွယ်ချက်မှာ အထည်လိပ်နှင့်အထည်ချုပ်လုပ်ငန်းရှင်များ၏ လူမှုရေး၊ စီးပွားရေးနှင့်သဘာဝပတ်ဝန်းကျင်အရ ရေရှည်တည်တံ့သော လုပ်ငန်းများကို လည်ပတ်ဆောင်ရွက်ရာတွင် စီးပွားရေးဆိုင်ရာ လေးစားလိုက်နာမှုများကိုထည့်သွင်းစဉ်းစားပြီး ဝယ်ယူမှုအလေ့အကျင့်များပြုလုပ်နိုင်ရန်အဓိကထားပံ့ပိုးကူညီပေးသွားရန်ဖြစ်သည်။



# လက်တွေ့အသုံးချ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှု အလုပ်ရုံဆွေးနွေးပွဲ အမှတ်စဉ် (၃)



*Group Photo*







*Awarding Certificates*

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှကြီးမှူးပြီး လက်တွေ့အသုံးချလူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု အလုပ်ရုံ ဆွေးနွေးပွဲ အမှတ်စဉ် (၃) ကို ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်မှ ၁၉ ရက်ထိ MGHRDC ၌ LIFT Myanmar ၏ပံ့ပိုးကူညီမှုဖြင့် ပြုလုပ်ခဲ့သည်။

သင်တန်းအားအဖွဲ့ဝင်စက်ရုံများမှ Human Resource ဌာနမှုဝန်ထမ်းများ၏ စိတ်ကူးဉာဏ်နှင့်လက်တွေ့ကျသော စွမ်းရည်များတိုးတက်စေရန်နှင့် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု၏ အခြေခံသဘောတရား နှင့်အဖွဲ့အစည်း၏စွမ်းဆောင်ရည်များကို မည်သို့တည်ဆောက်ရမည်ကို နားလည်စေရန် ရည်ရွယ်ပို့ချခြင်းဖြစ်သည်။

MGMA ၏မန်းနေဂျင်းဒါရိုက်တာ ဒေါ်အေးမိရှိန်မှသင်တန်းအဖွင့်အမှာစကားကိုပြောကြားခဲ့သည်။ သင်တန်းနည်းပြ ဒေါ်ညွန့်သိင်္ဂီထွေး ( Human Resource Experts, Founder and Consultant from Future Developments Initiative Learning Hub) မှ HRM and organizational strategy, Recruitment and Selection of employee, Orientation and Onboarding, Establishing a salary structure, Employee engagement and Team building, Organization & Employment Policy & Procedure, Workforce Planning & HR Budgeting, Performance Management, Reward and Recognition များကို သင်ကြားပေးခဲ့သည်။

သင်တန်းနောက်ဆုံးနေ့တွင် MGMA ၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးသိန်းဖေဝင်းမှသင်တန်းပြီးဆုံးကြောင်း နှုတ်ဆက်စကားပြောကြားခဲ့ပြီး သင်တန်းဆင်းလက်မှတ်များချီးမြှင့်ပေးအပ်ခဲ့သည်။ သင်တန်းသို့ MGMA အဖွဲ့ဝင်စက်ရုံများမှ သင်တန်းသား (၃၁) ယောက် တက်ရောက်ခဲ့သည်။



*CEC of MGMA U Thein Pe Win giving Closing Remarks*



*MD of MGMA Daw Aye Mi Shein giving Opening Remarks*



*Group Discussion*



*Game activities*



*Group Discussion*



*Group Activities*

## Kyarr Lay Apparel Co.,Ltd သို့ Covid Test Kit များပေးအပ်



မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှ Model Factory အဖြစ်အဆင့်မြှင့်တင်ရန် ရွေးချယ်ထားသော Kyarr Lay Apparel Co.,Ltd သို့ Covid Test Kit များအား ဩဂုတ်လ (၁၀) ရက်က AAM Myanmar ၏ပံ့ပိုးကူညီမှုဖြင့် ပေးအပ်ခဲ့သည်။ MGMA ၏ Project Officer မှ Covid Test Kit အသုံးပြုပုံကို ရှင်းလင်းပြောကြားခဲ့ပြီးလုပ်သားများအားလက်တွေ့ပြန်လည်ပြုလုပ်စေခဲ့သည်။ ထိုသို့လက်တွေ့ပြုလုပ်စေခြင်းသည် တခြားသော လုပ်သားများအားပြန်လည်ဝေမျှနိုင်စေရန်ဖြစ်သည်။ အထည်ချုပ်လုပ်သား အယောက် (၂၀၀) အား Covid Test Kit များဝေမျှခဲ့ပြီး ယခုအချိန်ထိ Test kit (၇၀၀) ခန့် Pilot Factory သို့ ဝေမျှခဲ့ပြီးဖြစ်သည်။



*MD of MGMA giving opening remarks*



*Giving Covid Test Kit*



*Project Officer of MGMA demonstration how to use covid test kit*



*Worker practicing covid test kit*

# အထည်ချုပ်လုပ်သားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း



အထည်ချုပ်လုပ်သားများအားကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၆) ရက်၊ (၁၂) ရက်၊ (၁၃) ရက် ၊ (၁၉) ရက်၊ (၂၀) ရက်၊ (၂၆) ရက်၊ (၂၇) ရက်များတွင် MGMA ၏အသင်းဝင် Pilot စက်ရုံများတွင် UNICEF Myanmar ၏ပံ့ပိုးကူညီမှုဖြင့်ပြုလုပ်ခဲ့သည်။

အထည်ချုပ်လုပ်သားများအားကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ဆီးချိုတိုင်းတာခြင်း၊ သွေးတွင်းအောက်ဆီဂျင်တိုင်းတာခြင်း၊ ကိုယ်အလေးချိန်တိုင်းတာခြင်း၊ အရပ်တိုင်းခြင်းများ၊ သန္ဓေတားခြင်းဆိုင်ရာအချက်အလက်များကိုဆွေးနွေးပေးခြင်း၊ကိုယ်ဝန်ဆောင်များအတွက်ကျန်းမာရေးဆိုင်ရာအသိပညာပေးခြင်းများကိုအတွေ့အကြုံရှိဆရာဝန်အဖွဲ့မှပြုလုပ်ပေးခဲ့ပြီးလိုအပ်သောဆေးဝါးနှင့်ဖြည့်စွက်စာများကိုပေးအပ်ခဲ့သည်။ထိုကျန်းမာရေးစောင့်ရှောက်မှုများအပြင်လိုအပ်ပါကသက်ဆိုင်ရာကျန်းမာရေးအထူးကုဆရာဝန်ကြီးထံသို့တိုင်ပင်ဆွေးနွေးရန်လွှဲပြောင်းပေးခဲ့သည်။ ကျန်းမာရေးစစ်ဆေးရာတွင် CNM Garment Industrial Limited ၌ ဩဂုတ်လ ၆ ရက်နှင့် ၁၃ ရက်များတွင် လုပ်သား (၁၂၆) ယောက်အားလည်းကောင်း၊ Hyatt Knitwear Co.,Ltd ၌ ဩဂုတ်လ ၁၂ ရက်နှင့် ၁၃ ရက်များတွင် လုပ်သား (၁၀၁) ယောက်အားလည်းကောင်း၊ Star Sandar Garment and General Economic Co-op Society Ltd ၌ ဩဂုတ်လ ၁၉ ရက်၊ ၂၀ ရက်၊ ၂၆ ရက်၊ ၂၇ ရက် များတွင် လုပ်သား (၂၇၄) ယောက်အားလည်းကောင်းစစ်ဆေးပေးခဲ့သည်။ ယခုလိုကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကိုမြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှကြီးမှူးကာပြုလုပ်ခြင်းဖြစ်ပြီး အထည်ချုပ်လုပ်သားများ၏လူနေမှုအဆင့်အတန်းမြင့်မားစေရန်ယခုလိုလုပ်ဆောင်ပေးခြင်းဖြစ်သည်။ ထို့ပြင်ကိုယ်ဝန်ဆောင်များအတွက် အာဟာရဆိုင်ရာလက်ကမ်းစာစောင်များ၊ အာဟာရ ပန်းကန်လုံးများ ဝေမျှပေးခဲ့သည်။



*During healthcare service to pregnancy woman*




*Measuring of blood oxygen saturation*



*MD of MGMA giving opening remarks*



*Measuring Blood Pressure*



*Consulting by doctor*




*Giving nutrition bowl and pamphlet*



*Measuring weight*



*Measuring height*



*Measuring blood pressure*

# Pilot Factory သို့ အာဟာရအိတ်များထောက်ပံ့ပေးခြင်း



**CEC of MGMA Daw Htay Htay Aye giving remarks**

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှ အာဟာရအိတ်များထောက်ပံ့ပေးခြင်းကို ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက် နှင့် ၂၀ ရက်များတွင် Pilot Factory ဖြစ်သည့် Star Sandar Garment and General Economic Co-op Society Ltd ၌ UNICEF Myanmar ၏ပံ့ပိုးကူညီမှုဖြင့် ပေးအပ်ခဲ့သည်။

အာဟာရ (၇) မျိုးဖြစ်သော ဆန်၊ ဟင်းသီးဟင်းရွက်ဆီ၊ အိုင်အိုဒင်းဆား၊ မြေပဲ၊ ပဲနီလေး၊ ငါးခြောက်နှင့် ဆပ်ပြာ တို့ပါဝင်သည့်အာဟာရအိတ်များကို အထည်ချုပ်လုပ်သားအယောက် (၂၀၀) ထံသို့ပေးအပ်ခဲ့သည်။ ယခုလိုထောက်ပံ့ပေးခြင်းကို MGMA မှကြီးမှူးပြီး ကျန်းမာပြီးအာဟာရပြည့်ဝသောလုပ်သားအင်အားဖြင့်စက်ရုံ၏ကုန်ထုတ်စွမ်းအားကို မြှင့်တင်ရန်အတွက်ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။





*Giving Nutrition Pack*



*Nutrition Packs Ingredients*



*Nutrition Packs*

# Voluntary Labour Compliance Assessment စစ်ဆေးခြင်း




*Guotai Huasheng Glory Fashion Co.,Ltd*



*CNM Garment Industrial Ltd.*



*Sinoproud Thein Wa Co.,Ltd*

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ Voluntary Labour Compliance Assessment အစီအစဉ် အဖြစ် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လတွင် အသင်းဝင်စက်ရုံ (၃) ရုံ သို့သွားရောက်အကဲဖြတ်စစ်ဆေးခဲ့သည်။


အဆိုပါ စက်ရုံ (၃) ရုံမှာ Sinoproud Thein Wa Co.,Ltd , Myanmar Guotai Huasheng Glory Fashion Co.,Ltd နှင့် CNM Garment Industrial Ltd တို့ဖြစ်သည်။ Sinoproud Thein Wa Co.,Ltd သို့ ဩဂုတ်လ (၁၈) ရက်တွင်လည်းကောင်း၊ Myanmar Guotai Huasheng Glory Fashion Co.,Ltd သို့ ဩဂုတ်လ (၂၃) ရက်တွင်လည်းကောင်း၊ CNM Garment Industrial Ltd သို့ ဩဂုတ်လ (၂၅) ရက်တွင်လည်းကောင်း သွားရောက် စစ်ဆေးခဲ့သည်။ စက်ရုံများတွင် MGMA ၏ Labour Officer မှ VLCA အစီအစဉ်တွင်အကျုံးဝင်သည့် စာရွက်စာတမ်းအားလုံးနှင့်ကိုက်ညီမှုရှိမရှိကို အသေးစိတ်ကြည့်ရှု စစ်ဆေးခဲ့သည်။ Voluntary Labour Compliance Assessment သည် ၂၀၁၉ ခုနှစ်တွင် MGMA နှင့် ILO/ACTEMP တို့ပူးပေါင်းအကောင်အထည်ဖော်ခဲ့သည့် အလုပ်သမားဥပဒေလေးစားလိုက်နာမှုဆိုင်ရာ ကိုယ့်ကိုယ်ကို အကဲဖြတ်စစ်ဆေးခြင်းအစီအစဉ်တစ်ခုဖြစ်ပြီး ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇) ရက် တွင် တရားဝင်ကြေညာခဲ့သည်။



*Guotai Huasheng Glory Fashion Co.,Ltd*



*Sinoproud Thein Wa Co.,Ltd*



*CNM Garment Industrial Ltd.*

# UPCOMING ACTIVITY

| No. | Description | Date & Time | Venue |
|---|---|---|---|
| 1. | Nutrition pack supplies to pilot factory in Nay Pyi Taw ( supported by UNICEF-MGMA) | TBC | Nay Pyi Taw |
| 2. | Industrial Relation Management Workshop (Supported by LIFT Myanmar-MGMA) | 21-22 September | MGHRDC |
| 3. | Industrial Engineering Training | 29 August to 9 September | MGHRDC |
| 4. | Labour Law Awareness Training | 15 and 29 September | MGHRDC |

# MEMBERSHIP UPDATE

New Members in August 2022

| **Country** | **No. of New Member Factories** |
|---|---|
| China | 10 |
| Total | 10 |

Membership Update as of August 2022

| **Status** | **Country** | **No. of Factories** |
|---|---|---|
| Active | Myanmar | 68 |
| | China | 295 |
| | Korea | 57 |
| | Japan | 18 |
| | Others | 21 |
| | Joint Venture | 27 |
| | Local, Sub-Con, Marketing, Inspection ,Textile | 45 |
| Total (Active) | | 532 |
| Grand Total | | 779 |